# ချစ်သဲမေသီ

ချစ်ဖူးစာ



## အပိုင်း(၁)

"မနေ့က နေ့လယ်ခင်းပိုင်းမှာ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာသည့် လူ ၂၀ မျှပါရှိသော လေယာဉ်က မြန်မာနိုင်ငံ မရောက်ခင်မှာ ပျက်ကျခဲ့ပါတယ် ... အဆိုပါ ခရီးသည်ထဲမှာ မြန်မာနိုင်ငံ၏ ဒိတ်ဒိတ်ကြဲစီးပွားရှင် "star" ကုမ္ပဏီ၏ ceo တစ်ဦးဖြစ်တဲ့ ဦးသက္ကရာဇ်လည်း ပါဝင်နေတယ်ဆိုတာ သိရပါတယ်"star" မိသားစုနှင့် ကယ်ဆယ်ရေးများ လိုက်လံ ရှာဖွေနေပါတယ် ... ယခုနေ့ မနက်အချိန်ထိတော့ လူ ၁၃ ဦးခန့်သာ တွေ့ရှိထားပါတယ်ရှင် ... ထိုထဲက လူများကို စစ်ဆေးချက်အရ ... အခုချိန်ထိတော့"star"ရဲ့ ceo ဦးသက္ကရာဇ်ကို မတွေ့ရသေးပါ ... ။

"ဂါး ... ဂါး နားငြီးလိုက်တာ မနက်အစောကြီးကို ... အထက်က အစ်မကြီးရေ ခင်ဗျားဖွင့်ထားတဲ့ TV အသံကို နည်းနည်း တိုးပေးပါဦးဗျို့ ..."

BB ညည်းတွားရင်း အိပ်နေသည်မှ ကုန်းထကာ အပေါ်ထပ်ကို လှမ်းအော်လိုက်သည်။

ပျဉ်ထောင်အိမ် နှစ်ထပ်လေးမို့ အောက်က အော်ရင် ကြားနိုင်သော်လည်း TV အသံကြောင့် သူမပြောတာ အလာကား ဖြစ်နေသည်။ ထုံးစံအတိုင်း သူမပဲ အလျှော့ပေးကာ မျက်နှာသစ်ရန် ပြင်ဆင်လိုက်ရသည်။

"ဟူး ... မုန်းလိုက်တာ နေ့တိုင်းပဲ ငါလေး ဒီနေရာက မြန်မြန်ပြောင်းမှထင်တယ် ... ဒါပေမဲ့လည်း ... ငါ့မှာ ပိုက်ဆံ မရှိသေးဘူး ..."

သူမ သွားတိုက်ရင်း ပွစိပွစိ လုပ်ရတာလည်း မနက်တိုင်းလိုလိုပင် ...

မျက်နှာသုတ်ပြီး ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။ နှစ်ထပ်ပျဉ်ထောင် အိမ်ကလည်း သူမနှင့် ထိုအပေါ်က အစ်မတစ်ယောက် တစ်ထပ်ဆီ ငှားနေကြခြင်း ဖြစ်သည်။

"BB မနေ့က အလုပ်လျှောက်တာ အဆင်ပြေရဲ့လား ..."

"ဟုတ် အစ်မသင်ဇာ အဆင်ပြေတယ် အလုပ်သွားတော့မှာလား ..."

BB ကော်ဖီသောက်ရင်း အပေါ်ထပ်က အစ်မနှုတ်ဆက်၍ ဖြေလိုက်ခြင်းဖြစ်သည်။ ထိုအစ်မက ညဆို စောစောအိပ် ၄ နာရီလောက် ကတည်းက ဘုရားအော်ရွစ်ခိုး။ TV က သတင်းတွေကို အကျယ်ကြီးဖွင့်ကာ နားထောင်ပြီးမှ အလုပ်သွားလေ့ရှိ၏။

"အေး ဟုတ်တယ် ... အစ်မသွားလိုက်ဦးမယ် ... သတင်းစာ လာပို့ရင် အစ်မ အခန်းကို သွားထားပေးဦးနော် ညီမလေး ..."

"ဟုတ် အစ်မသင်ဇာ ဂရုစိုက်သွားဦး ..."

BB မသင်ဇာကို နှုတ်ဆက်ကာ သတင်းစာထဲမှ အလုပ်ရှာရင်း ကော်ဖီဆက်သောက် နေလိုက်၏။ ခဏကြာတော့ အပြင်က သတင်းစာ ပစ်လိုက်တာကြောင့် သွားယူလိုက်သည်။

"ဝိုး ချောလိုက်တာ"star"ရဲ့ ceo ... တော်ပါပြီ မဖတ်တော့ဘူး ..."

သတင်းစာ အလိပ်လေးကြားမှ အပေါ်က ပေါ်နေသည့် ပုံလေးနှင့်စာလေး ... သူမလည်း ကိုယ်ပစ္စည်း မဟုတ်တာကြောင့် ထိုအလိပ်ကိုဖြေပြီး မဖတ်တော့ဘဲ အပေါ်ထပ်သို့တက်ကာ မသင်ဇာ အခန်းထဲမှာ ထားပြီး အောက်ဆင်း လာခဲ့သည်။

အင်တာဗျူး သွားဖြေရမှာကြောင့် အပေါ်အင်္ကျီအဖြူ လက်ရှည်လေးနှင့် စကတ် အနက်ရောင်လေးကို ဝတ်ပြီး ကုတ်ကျော်နေပြီဖြစ်သည့် ဆံပင်တွေ

ကို အပေါ်သို့ မြှောက်ထုံးလိုက်သည်။ ရှင်းလင်းနေသည့် မျက်နှာလေးကို မှန်ထဲ တစ်ချက်ကြည့်ပြီး လိုအပ်သည့် စာရွက်စာတမ်းများ ယူကာ အိမ်မှ ထွက်လာခဲ့သည်။

***

"BB ဖိုက်တင်း နင်အလုပ်ရမှာ သေချာတယ် ..."

လက်သီးဆုပ်ကာ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ...

"မအဘိဓာန် ရှင့်အလှည့် ရောက်ပါပြီ ..."

"ဟုတ်ကဲ့ အစ်မ ..."

သူမ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး လက်ထဲက ဖိုင်ကို သူဌေးရှေ့မှ ချပေးလိုက်၏။

သူဌေးဆိုသည့်လူက သူမရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ခေါင်းတယမ်းယမ်းနှင့် ကြည့်နေ၏။

"နာမည်က အဘိဓာန်။ အသက်က ၂၀။ လုပ်ငန်း အတွေ့အကြုံမရှိ။ အဟင်း အားနာပါတယ် သမီး ဦးလေးတို့က လုပ်ငန်းအရ အတွေ့အကြုံရှိတဲ့ လူပဲ လိုအပ်တာပါ သမီး စာရွက်စာတမ်းတွေ ယူပြီ ပြန်နိုင်ပါပြီ ..."

"ကျွန်မ ကြိုးစားပါ့မယ်ရှင့် ..."

"အားနာပါတယ် သမီးရေ နောက်လူတွေရှိသေးလို့ ထွက်သွားပေးပါဦး ... နောက်တစ်ယောက် ..."

"ဟုတ်ကဲ့ ..."

မျက်နှာလေး ညှိုးငယ်စွာ ထိုကုမ္ပဏီအတွင်းမှ ထွက်လာခဲ့သည်။

အပြင်ရောက်တော့ ကားမှတ်တိုင်မှာ ထိုင်လိုက်ပြီး ကားစောင့်လိုက်သည်။ သူမ YBS ကားပေါ်မှာ တက်လိုက်ပြီး နေရာလွတ် ထိုင်ခုံတစ်ခုမှာ

ဝင်ထိုင်လိုက်သည်။

"ဟင်း ခက်ခဲလိုက်တာ ငါ့ဘဝလေး ... ဟင် ၁ နာရီတောင်ထိုးပြီ ... အကြာကြီး စောင့်ရပြီး အလုပ်လည်း မရဘူး ... ဗိုက်ဆာလိုက်တာ ... အလုပ်မရလည်း ဆိုင်ကောင်းကောင်း တစ်ဆိုင်မှာ ထိုင်စားပြီးမှ အိမ်ပြန်တော့မယ် ..."

BB တစ်ယောက်တည်း ပြောရင်း ကားမှတ်တိုင် တစ်ခုမှာ ဆင်းလိုက်သည်။

"ဟေး အဘိဓာန် ..."

BB ရှေ့တည့်တည့်မှ အနီရောင် ပြိုင်ကားလေးပေါ်မှ ခေါ်သံကြောင့် ကြည့်လိုက်တာ သူမနဲ့ အတန်းတုန်းက ခင်ခဲ့သည့် သူငယ်ချင်းတစ်ဦး ဖြစ်၏။

"အလင်းရောင် ..."

နှုတ်က ရေရွတ်လိုက်ရင်း ထိုလူကို ပြုံးပြလိုက်သည်။

"ဘယ်သွားမလို့လဲ BB ..."

"အဟင်း ငါအလုပ်လျှောက်တာ အဆင်မပြေပါဘူးဟယ် အခုဗိုက်ဆာလို့ အဲဒါသွားစားမလို့ နင်ရော ဘယ်သွားမလို့လဲ ..."

"လာ ငါလိုက်ကျွေးမယ် ကားပေါ်တက် ..."

"တကယ်လား ငါ စားချင်တာ လိုက်ကျွေးရမှာနော် ..."

"နင်ကလည်း ငြင်းလိုက်တာ လာတက် ..."

"ဘာလဲ မကျွေးချင်ရင်လည်း မစားတော့ဘူး ..."

"စတာပါဟာ တက် ကားပေါ် ..."

လင်းရောင် ကားတံခါးဖွင့်ပေးကာ တက်စေသည်။ ကားလေး"ငွေစင်"

စားသောက်ဆိုင်သို့ ဦးတည်ကာ မောင်းနေ၏။

"ကဲ ရောက်ပြီ အဒေါ် ..."

"ဒီမှာစားမှာလား အရမ်းစျေးကြီးမဲ့ပုံပဲ ..."

ခမ်းနားလွန်းတဲ့ အဆောက်အအုံကြီး ကြည့်ကာ BB က လင်းရောင်၏ အနားသို့ကပ်ကာ ခပ်တိုးတိုး မေးလိုက်၏။

"ကဲပါ ငါကျွေးနိုင်ပါတယ် ..."

လင်းရောင် BB လက်ကို ကိုင်ဆွဲကာ ဆိုင်ထဲကို ခေါ်လာခဲ့သည်။

"ကဲ BBလေး ဘာစားချင်တာလဲ နင်ကြိုက်တာမှာလေ ..."

"အဟင်း ကျေးဇူး ... အစ်မ ကျွန်မကို ဟော့ပေါ့ချဉ်စပ်တစ်ပွဲရယ် နာနတ်သီးဖျော်ရည် ဒါပဲ နင်ရော မှာလေ ..."

BB စားပွဲထိုးအား ပြောပြီး လင်းရောင်ကို မေးလိုက်သည်။

"ကျွန်တော့်ကို ကိုလာပဲပေးပါ ..."

"ဟုတ်ကဲ့ ခဏစောင့်ပါရှင့် ..."

စားပွဲထိုးပြောပြီး သူတို့အနားမှ ထွက်သွားတော့ BB က လင်းရောင်ကို ကြည့်ကာ ...

"နင် အခု ဘာလုပ်ငန်း လုပ်နေတာလဲ ..."

"ငါလား အခု ရဲဗိုလ်ဖြစ်နေပြီ ..."

"ဝိုး မိုက်လိုက်တာ ဘယ်နှပွင့်ရပြီလဲ ... ငါကတော့ အခုထိ အလုပ်လျှောက်တုန်း ..."

"ရပါပြီရှင့် ဖြည်းဖြည်း သုံးဆောင်ကြပါ ..."

စားပွဲထိုးအစ်မက ဟော့ပေါ့အိုးကို ဂက်စ်အိုးပေါ်မှာ တင်ပေးပြီး ပြင်ပေး

တော့ BB တို့ စကားပြတ်သွား၏။

"နင်ရောစားလေ အများကြီးပဲ ..."

"မိန်းကလေးအများစုက အပ်ရှောင်ကြတယ် ဝတ်ခြံပေါက်မှာ ကြောက်ကြလို့လေ ... နင်ကတော့ အပ်ကို အရမ်းစားတာပဲဟာ ..."

"ဒီလောက်အရသာရှိတဲ့ အားစာတွေကို မရှောင်နိုင်ပါဘူး အရေးမပါတဲ့ ဆင်ခြေတွေလေ ... ငါကတော့ အကြိုက်ဆုံး အားအာဆို စားပြီးသားပဲ ဘာပဲဖြစ်ဖြစ် ... မရှောင်ပါဘူး ..."

"အေးပါကွာ စားအပြန် နင့်ကို လိုက်ပို့ပေးမယ် ဘယ်မှာနေတာလဲ ..."

"ရတယ် အပြန်ကျ ငါဂေဟာကို ဝင်ရဦးမယ် ... ငါ့ဘာသာ taxi ငှားစီးသွားတော့မယ် ..."

"အေးအေး နင်တစ်ခုခု လိုအပ်တာရှိရင် ငါ့ကိုပြောနော် အတက်နိုင်ဆုံး ငါကူညီမယ် ..."

လင်းရောင် သူမစားနေသည်ကို ပြုံးကာ ကြည့်နေရင်း စကားပြော၏။ သူမကတော့ ခေါင်းမဖော်တမ်း စားနေလျက် ...

"အဟင်း ငါဝပြီ ဒီနေ့အတွက် ကျေးဇူးပါ ငါ့အလုပ်ရမှ နင့်ကိုပြန်ကျွေးမယ် ..."

"BB ... နင့် ဖုန်းနံပါတ် ငါ့ကိုပေးဦး ..."

"ငါ့မှာ ဖုန်းမရှိသေးဘူး ပထမဖုန်းလေး ပျောက်ပြီးထဲက မဝယ်ရသေးဘူးဟီး ..."

"အေးပါ ဒါဆို စားပြီးပြီ မဟုတ်လား ငါရှင်းလိုက်တော့မယ် ..."

"အေး ..."

သူမတို့ ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"လင်းရောင် ကောင်းကောင်းပြန်နော် ဘိုင့်ဘိုင့် ..."

"အေး နင်ရော ကောင်းကောင်းပြန်ဦး ..."

လင်းရောင် ကားလေး ထွက်သွားတော့ BB taxi ငှားကာ ဂေဟာသို့ လာခဲ့သည်။

***

"ဝေဟင်ဂေဟာ" ထိုဂေဟာက သူမငယ်ငယ် ကတည်းက နေခဲ့သည့် နေရာ ဖြစ်တာကြောင့် အခုအလုပ်လုပ်ရင်း သူမလို မိဘမဲ့ကလေးတွေကို တစ်ဖက်တစ်လှမ်းက ကူညီထောက်ပံ့ပေးသည်။

"မမ လာပြီဟေ့ ..."

သူမ ဂေဟာအပေါက်လေး ဖွင့်ဝင်လာသည်နှင့် ထိုထဲမှ အသက် ၁၀ နှစ်အရွယ် ကလေးလေး အော်ပြောလိုက်တော့ အားလုံး သူမအနား ရောက်လာကာ ဝိုင်းဖက်ကြသည်။

"မမ သားသားတို့ မမကို လွမ်းနေတာ ..."

"ဟုတ်လား ... ဟိုသစ်ပင်အောက်မှာ မမကိုစောင့်နေ မမ ဂေဟာမှူးနဲ့ သွားတွေ့လိုက်ဦးမယ် ..."

သူမ ထိုကလေးများကို ဂေဟာအတွင်းမှ အရိပ်ရ သစ်ပင်ကြီးအောက်မှာ ထိုင်ခိုင်းလိုက်ပြီး ... ဂေဟာမှူးနဲ့တွေ့ရန် အထဲသို့ ဝင်လိုက်သည်။

"မေလေး ဟိုမှာ BB လေးလာတယ် ..."

အနားက တစ်ယောက် ပြောလိုက်တော့ မျက်မမြင် မိန်းမကြီးတစ်ဦးက ပြုံးပြုံးနှင့် အပေါက်ဘက်သို့ ကြည့်နေသလို ...

"မေလေး ..."

"ဟယ် BBလေး လာတယ် မေလေး အနားကိုလာပါဦး ..."

သူမ မေလေး အနားကို ထိုင်လိုက်တော့ သူမရဲ့ မျက်နှာကို လက်နှစ်ဖက်နဲ့ နေရာအနှံ့ စမ်းကြည့် နေတော့သည်။ မေလေးက အသက် ၄၀ ရှိပြီး မျက်မမြင် တစ်ယောက် ဖြစ်သည်။ ပါးပြင်ပေါ်က မေလေးရဲ့ လက်နှစ်ဖက်ကို ယူလိုက်ရင်း ...

"BBလေးက အခုဆို အလုပ်လည်း ရပြီဆိုတော့ ပိုက်ဆံတွေ အများကြီး ရတော့မယ် ... မေလေးသာ ကျန်းမာရေး ဂရုစိုက်နော် မျက်စိပြန်မြင်လာရင် မေလေး မြင်ချင်တဲ့ BBလေးက အရွယ်ရောက်ပြီး အရမ်းချော ချစ်ဖို့ကောင်းတယ် ဆိုတာသိမှာ ..."

မေလေး မျက်စိက BB အသက် ၁၀ နှစ်အရွယ်မှာ မတော်တဆ တစ်ခုကြောင့် ကွယ်သွားခြင်း ဖြစ်သည်။ BB မေလေး မျက်စိတွေ ပြန်မြင်အောင် လုပ်ပေးချင်သောကြောင့် ပိုက်ဆံများ စုနေပြီ ဖြစ်သည်။

"အေးပါကွယ် BB လေး ထမင်းစားပြီးမှပြန်လေ မနိုင်တို့ အားလုံးအတွက် ထမင်းချက်နေကြပြီ ..."

"ဟုတ် ညနေစာ စားပြီးမှ ပြန်မယ် မနိုင်လက်ရာ မစားရတာလည်း ကြာပြီဆိုတော့ ပြီးတော့ ဒီနေ့တစ်နေ့လုံး မေလေး အနားမှာ အဖော်ပြုပေးမယ် ... အခု BB နဲ့အတူ ကလေးတွေဆီ သွားရအောင် ..."

BB မေလေး လက်ကို ကိုင်ကာ ဖြည်းဖြည်းချင်း ကလေးတွေဆီ သွားသည်။ အနားရောက်တော့ နှစ်ဦးသား ကလေးတွေ ရှေ့မှာ ထိုင်လိုက်ပြီး ...

"မမ မင်္ဂလာပါ ..."

"မင်္ဂလာပါ ကလေးတွေရေ အားလုံး စာလိုက်နိုင်ကြရဲ့လား စာကြိုးစားကြရမယ်နော် ..."

"ဟုတ်ကဲ့ လိုက်နိုင်ပါတယ် မမ ..."

"မေလေးကို ဂရုစိုက်ရမယ်နော် ပြီးတော့ ဒီမှာရှိတဲ့ လူကြီးတွေ အားလုံး စကားကို နားထောင်ရမယ် မဆိုးရဘူး လိမ္မာရမယ် ဟုတ်ပြီလား ..."

"ဟုတ်ကဲ့ မမ ..."

"အရမ်းချစ်ဖို့ ကောင်းလိုက်တာ အဲဒီလိုချစ်ဖို့ကောင်းတဲ့ ကလေးတွေ အတွက် ဟက်ချလောင်း မမက မုန့်တွေ အများကြီး ဝယ်ခဲ့တယ် မေလေး BB ကလေးတွေကို မုန့်ဝယ် လိုက်ဦးမယ်နော် ..."

"အေးအေး ဝေလိုက် BB လေး ..."

BBက သူမယူလာတဲ့ အိတ်ထုပ်ထဲက မုန့်တွေကို ကလေးတွေရှေ့မှာ ပျော်ရွှင်စွာ ဖွင့်ဖောက်ပြပြီး တစ်ယောက် တစ်ထုပ်စီ ဝေလိုက်၏။

BB ကလေးတွေနှင့်အတူ ရယ်ရယ်မောမောနှင့် ... ဘေးမှရှိတဲ့ မေလေး လည်းပဲ BBတို့နှင့်အတူ ပျော်ရွှင်နေသည်။ ညနေစာ ထမင်းစားပြီး အားလုံး နဲ့ စကားပြောသည်က ညနေ ၅နာရီပင်ရှိပြီ။

"ပြန်လိုက်ဦးမယ် မနိုင် နောက်အပတ်မှ BB ပိုက်ဆံပေးတော့မယ် ..."

"ရပါတယ် အခုလည်း ဂေဟာမှာ လှူတဲ့သူတွေ ပေါပါတယ် စိတ်မပူနဲ့ ညီမလေး ..."

"ဟုတ် ဒါဆိုပြန်တော့မယ်နော် မေလေးကိုလည်း ဂရုစိုက်နော် ... မေလေး သမီးသွားပြီ နောက်အပတ်မှ လာတွေ့တော့မယ် ..."

"အေးအေး BB လေး မိုးချုပ်တော့မယ် ဂရုစိုက် ပြန်ဦးနော် ..."

"ဟုတ်ကဲ့ ..."

BBအားလုံးကို နှုတ်ဆက်ကာ ထွက်လာခဲ့တော့ နေဝင်ပျိုးစပင် ဖြစ်နေသည်။ Taxi ငှားကာ အိမ်သို့ ပြန်လာခဲ့သည်။

"မမလေး ဒီနားမှာပဲ ချပေးတော့မယ်နော် ..."

"ဟုတ်ကဲ့ ..."

BB taxi သမားအား ပိုက်ဆံပေးကာ ဆင်းလာခဲ့သည်။ လမ်းကျဉ်းပေမဲ့ လမ်းမီးများက ထိန်ထိန်သာလျက် ... သူမထိုလမ်းအတိုင်း လျှောက်လာခဲ့သည်။

ရှပ် ... ရှပ် ... ရှပ် ...

BB နောက်က ခြေသံလိုမျိုး ကြားသည်အထင်နဲ့ လှည့်ကြည့်ပေမဲ့ တစ်ယောက်မျှ ရှိမနေပါ ... သူမလည်း ကြောက်ကြောက်နှင့် ပြေးရင်း ...

"အင့် ... ဘုတ် ... ရှေ့က လူတစ်ယောက်နှင့် ဝင်တိုက်မိတော့ လက်ထဲက ဂေဟာက ပေးလိုက်သည့် မုန့်တွေနှင့် သူမရဲ့အိတ်လေး ပြုတ်ကျသွားသည်ကို ကောက်ရင်း ...

"မင်းကိုယ့်ကို မြင်နိုင်တယ်ပေါ့ ..."

သူမရှေ့ကို ဒူးတစ်ဖက်ထောက်ကာ ထိုင်လိုက်ပြီးမေးတဲ့ ထိုလူကို မော့ကြည့်ကာ အနည်းငယ် မှင်တက်သွားရသည်။ ဖြောင့်စင်းနေသည့် နှာတံ၊ တောက်ပနေသည့် မျက်လုံး၊ ရဲနေသည့် နှုတ်ခမ်းသားလေး၊ ကြည်လင်ပြီး ဖြူဝင်းနေသည့် အသားအရေနှင့် သူမရှေ့မှာ ရောက်နေသည့်က နတ်သားတစ်ပါးမျှပင် ချောမောလွန်း၏။

"ဟေး ကိုယ်မေးနေတယ်လေ မင်းကိုယ့်ကို မြင်နိုင်လားလို့ ..."

ထိုလူပြန်မေးမှ သူမ အကြည့်တို့ကို ထိုလူထံမှအကြည့် ပြောင်းလိုက်ရင်း အောက်သို့ ပြုတ်ကျသည့် ပစ္စည်းများကို ပြန်လည်ကောက်ယူလို့ရင်း ...

"လာနောက်နေတယ် ခင်ဗျားကို မမြင်ရအောင် BB က မျက်လုံးကန်းနေတာမှ မဟုတ်တာ ..."

ပြောရင်း ထရပ်လိုက်တော့ ထိုလူကလည်း ထရပ်လိုက်သည်။ BB သွား

မည်ပြုတော့ ထိုလူ သူမလက်ကို လှမ်းဆွဲလိုက်ရင်း ...

"ကျေးဇူးပြု၍ ကိုယ့်ကိုကူညီပါ ... မင်းက ကိုယ့်ကို မြင်နိုင်တဲ့ တစ်ဦးတည်းသော သူမို့ပါ ..."

***

အပိုင်း(၂)

"ကျေးဇူးပြု၍ ကိုယ့်ကိုကူညီပါ ... မင်းက ကိုယ့်ကို မြင်နိုင်တဲ့ တစ်ဦးတည်းသော သူမို့ပါ ..."

BB ထိုလူစကားကြောင့် ထိုလူအား ကြောင်ကြည့် နေမိသည်။ ပြီးမှ သတိပြန်ဝင်ကာ လက်အား ခါချပေမဲ့ သူမလက်ကို လွှတ်မပေးဘဲ ပိုမို တင်းကျပ်စွာ ဆုပ်ကိုင်နေတော့ ...

"တောင်းပန်ပါတယ် ခင်ဗျားကို ကူညီဖို့ BB မှာ ဘာမှမရှိဘူး ... ဒါကြောင့် BB သွားလိုက်ပါဦးမယ် ... လက်ကို လွှတ်ပေးပါလား ..."

ရာဇ် သူမလေးရဲ့ အဖြေကြောင့် ဝမ်းနည်းသွားရပေမဲ့ သူမကို အားတင်းကာ ပြုံးပြလိုက်ရင်း ... သူမလက်ကို လွှတ်ပေးကာ ...

"ရပါတယ် စဉ်းစားဖို့ အချိန်ပေးမယ် မနက်ဖြန် မင်းဆီကို ကိုယ်လာခဲ့မယ် ..."

သူ့အတင်းအကျပ်လုပ်ရင် သူမလေး သူ့ကို မကူညီမှာကြောင့် အချိုသပ်ကာ ပြောခဲ့ရသည်။ ဘာကြောင့်ဆို သူ့ကိုမြင်နိုင်တဲ့သူက ထိုမိန်းကလေး တစ်ဦးတည်း ရှိသောကြောင့်ပင် ...

"ဘာလဲဟ ..."

သူမရဲ့ ခေါင်းလေးကို ဖွသွားတဲ့ ထိုလူကျောပြင်ကို ကြည့်ပြီး မျက်စောင်းထိုးကာ အိမ်သို့ ပြန်လာခဲ့သည်။

"ပြန်လာပြီလား BB ..."

"ဟုတ် မသင်ဇာ ... ဘယ်ချိန်တည်းက ရောက်နေတာလဲ ..."

"ညနေ ၅ နာရီလောက်တည်းက အစ်မလည်း အပေါ်မှာ တစ်ယောက်တည်း ပျင်းတာနဲ့ အခုပဲအောက်ကို ဆင်းလာတာ ... အင်တာဗျူးဖြေတာ အဆင်ပြေလား ..."

BB တံခါးကို သော့ဖွင့်လိုက်ပြီး စားပွဲပေါ် အထုပ်တွေ တင်လိုက်ရင်း ...

"အဆင်မပြေခဲ့ပါဘူး အစ်မရယ် နောက်အလုပ်ရှာရဦးမယ် ... အစ်မ သတင်းစာတွေ ဖတ်နေတာ အလုပ်လေးတွေ့ရင် ပြောပါဦး ..."

"အေးအေး အစ်မတွေ့ရင် ပြောပ့ါမယ် ..."

"အစ်မ ဂေဟာက မုန့်တွေပေးလိုက်တာ ယူစားနော် ... BB ရေချိုးလိုက်ဦးမယ် ... အစ်မလည်း ရေချိုးပြီးပြီးလား တူတူချိုးရအောင်လေ ..."

"အစ်မချိုးပြီးပြီး ညီမ ... အစ်မလည်း အပေါ်တက်တော့မယ် ရေချိုးတာ မြန်မြန်ချိုး ..."

"ဟုတ် အစ်မ မုန့်ယူသွားလိုက်ဦး ..."

BB စားပွဲပေါ်က မုန့်တချို့ကို မသင်ဇာရဲ့ ပေးလိုက်သည်။ သူမလည်း ရေချိုးရန် ပြင်ဆင်လိုက်သည်။ ရေချိုးအဝတ်စားလဲကာ ဘုရားရှစ်ခိုးပြီး အိပ်လိုက်သည်။

ရှပ် ... ရှပ် ...

ရာဇ် အိပ်နေတဲ့ သူမအနားသွားကာ ခုတင်ပေါ်မှာ တင်ပျဉ်ခွေ လွှဲထိုင်လိုက်ကာ သူမရဲ့ မျက်နှာကို ကြည့်ပြီး သူမအိပ်ရာထမည်ကို စောင့်နေသည်။

"အဟွန်း တော်တော် အိပ်ပုတ်ကြီးတာပဲ ..."

ပြုံးလိုက်ရင်း ခုတင်ပေါ်မှ ထလိုက်ကာ သူမ အခန်းလေးကို လိုက်ကြည့်

နေသည်။ နံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံတွေ တစ်ပုံချင်း လိုက်ကြည့်ကာ ရာဇ် ပြုံးလိုက်သည်။

"ကလေးသေးသေးလေးတွေ ချစ်ဖို့ကောင်းလိုက်တာ မှန်းစမ်း ဒီထဲက မင်းက ဘယ်သူဖြစ်မလဲလို့ ..."

နံရံမှာ ချိတ်ထားတဲ့ အဖွဲ့လိုက်ပုံကို ကြည့်ရင်း ...

"အား ... ဘယ်သူလဲ ... ဘာလို့ အခန်းထဲရောက် အွန်း ..."

"ရှူး ..."

မျက်လုံးနှစ်ဖက်ပိတ်ရင်း အော်နေတဲ့ သူမအနားကို ရာဇ် လျင်မြန်စွာ ရောက်သွားပြီး ပါးစပ်ကို လက်နှင့်ပိတ်လိုက်သည်။

"အွန်း အွန်း ..."

သူမ ပါးစပ်အုပ်ထားတဲ့ လက်တွေကို အတင်းဆွဲခွာတော့ ရာဇ် လွှတ်ပေး လိုက်သည်။

"ဘာလို့ ... ဒေါက် ... ဒေါက် ...

"BB ဘာဖြစ်လို့လဲ ..."

သင်ဇာ အလုပ်သွားမလို့ အောက်ထပ် ဆင်းလာတော့ BB အခန်းထဲမှ အသံကြားတာနှင့် အခန်းအပြင်မှ မေးလိုက်ခြင်း ဖြစ်သည်။ BB ထိုလူကြီး ကို တွေ့သွားမည် ဆိုးတာကြောင့် တစ်နေရာရာမှာ ပုန်းခိုင်းလိုက်ပြီး တံခါး ဖွင့် ပေးလိုက်သည်။

"ဘာဖြစ်လို့လဲ ညီမလေး ..."

အခန်းထဲဝင်ရင်း နေရာအနှံ့ ကြည့်လိုက်ရင်း သင်ဇာ မေးလိုက်သည်။ သူမ ပုန်းခိုင်းသည့်နေရာမှ ထိုလူကြီး ထွက်လာတော့ BB မသင်ဇာ မြင် သွားသည် အထင်နှင့် ...

"အစ်မ သူ သူ BBအခန်းထဲ ဘယ်လို ရောက်နေတာလဲ မသိဘူးနော် ..."

***

BB ရှက်ရှက်နဲ့ လက်နှစ်ဖက်လုံး ခါယမ်းကာ ပြောနေပေမဲ့ ထိုလူကြီးကတော့ လက်ပိုက်ကာ သူအား ပြုံးထေ့ထေ့နှင့် ကြည့်နေသည်။ မသင်ဇာလည်း သူမအပြောကို နားမလည်ဟန်နှင့် ကြည့်နေသည်။

"ဘယ်သူလဲ ဘယ်သူကို ပြောတာလဲ BB ... အစ်မ နားမလည်ဘူး ..."

သင်ဇာ သူရှေ့တည့်တည့် ရပ်နေသည့် တစ်စုံတစ်ရာကိုတော့ မမြင်ရပေ ...။

"ကျေးဇူးပြု၍ ကိုယ့်ကိုကူညီပါ ... မင်းက ကိုယ့်ကို မြင်နိုင်တဲ့ တစ်ဦးတည်းသော သူမို့ပါ ..."

"မနေ့က လူပဲ ... ဒါဆို ..."

BB မနေ့က ထိုလူပြောသည့် စကားများကို ပြန်ကြားရင်း ...

"ဘာမှမဖြစ်ဘူးဆိုလဲ သွားတော့မယ် အစ်မ အလုပ်နောက်ကျနေလို့ ... အဆင်ပြေပါတယ်နော် ညီမလေး ..."

"ရှင် ဟုတ်အစ်မ ..."

သင်ဇာ ပြောပြီး ထွက်သွားသည်။ သူမ ရာဇ်ကို ကြည့်ရင်း ...

"ဒါဆို ... ရှင်က ..."

"ကိုယ့်နာမည် သက္ကရာဇ်ပါ ... ကိုယ့်ကို မကြောက်ပါနဲ့ ... ကိုယ်ပြောတာကို သေချာလေး နားထောင်ပေးပါ ပြီးတော့ ကိုယ့်ကို ကူညီပါ ..."

ရာဇ် သူပြောတာကို နားထောင်ဟန်ရှိတဲ့ သူမအနားကို လျှင်မြန်စွာ ရောက်သွားတော့ သူမလေး ကြောက်လန့်တကြား အနောက်ကို ဆုတ်သွားကာ ...

"ဟင့်အင်း ကြောက်တယ် အနားမလာနဲ့ ..."

"ကိုယ်မင်းကို အန္တရာယ်ပြုဖို့လာတာ မဟုတ်ပါဘူး ကိုယ့်ကို ကူညီနိုင်တာ ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတာမို့ပါ ..."

"ဒါဆို BB ဘာကူညီပေးရမလဲ ..."

BB အရဲစွန့်ကာ မော့ကြည့်ရင်း မေးလိုက်သည်။ ရာဇ် သူ့ကို မျက်လုံးဝိုင်းလေးနဲ့ ကြည့်ပြီး မေးနေတဲ့ သူမလေးကို ပြုံးပြလိုက်ရင်း ...

"ကိုယ့်အကြောင်းကို မင်းကို အရင်ပြောပြပါ့မယ် ... အဲဒီမှာ ထိုင်ပြီး ..."

နှစ်ယောက်သား ရှေ့ကဧည့်ခန်းမှာ ထိုင်လိုက်ကြသည်။

"ကိုယ့်နာမည် သက္ကရာဇ်ပါ Star ရဲ့ အမွေဆက်ခံသူ တစ်ဦးပေါ့ ... ကိုယ်မတော်တဆ လေယာဉ်ပျက်ကျတယ် ပြီးတော့ ကိုယ်ဘာမှမသိဘဲ နိုးလာတော့ စံအိမ်မှာ ရောက်နေတယ် ... သူတို့တွေ ကိုယ့်ဓာတ်ပုံကို ကြည့်ပြီး ငိုနေကြတယ် ကိုယ့်မေမေ အနားသွားပြီး စကားတွေပြောတယ် ဒါပေမဲ့ မေမေ ကိုယ့်ပြောတာကို မကြားရဘူး ... အရူးတစ်ယောက်လိုပဲ ကိုယ်သူတို့ကို လိုက်ပြောရတာ ... ကိုယ်လည်း စိတ်ညစ်ညစ်နဲ့ ထွက်လာခဲ့တာ မင်းနဲ့တွေ့တာပဲ ..."

"ဒါဆို ရှင်က သရဲလား ..."

"ကိုယ့်မသိဘူး ဒါပေမဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ် အကောင်းတိုင်း ရှိနေတယ်လို့ ကိုယ်ခံစားရတယ် ..."

"ဒါဆို BB က ဘယ်လိုကူညီရမလဲ ..."

"မင်း "star"ကုမ္ပဏီမှာ အလုပ်ဝင်ရမယ် ... ပြီးမှ ကိုယ်နောက်တစ်ခု ပြောမယ် ..."

"အဟင်း ... လာနောက်နေတယ် ရိုးရိုးကုမ္ပဏီ တွေကတောင် BB ကို

လက်မခံဘူး ... ကဲ မကူညီနိုင်တဲ့အတွက် လာရာလမ်းအတိုင်း ပြန်နိုင်ပါပြီ ရှင့် ..."

BB မတ်တတ်လေး ရပ်လိုက်ပြီး ခါးလေးကို ကုန်းကာ လက်လေးနှစ်ဖက်နှင့် အပေါက်ဘက်သို့ ဦးညွှန်ပြသည့် ပုံစံလေး လုပ်ပြလိုက်၏။

"အဟွန်း ... ဟွန်း ... ရာဇ် သူမ၏ အမူအရာကြောင့် သဘောကျစွာ ရယ်လိုက်ရင်း ...

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ ... ဒါနဲ့မင်းနာမည်က ဘယ်သူလဲ ..."

"BB နာမည်က အဘိဓာန် ..."

"ဩော် မင်းနာမည်က ခေါ်ရခက်လိုက်တာ ..."

"ရပါတယ် BB လို့ပဲခေါ်ပါ အားလုံးက ဒီနာမည်ပဲ ခေါ်ကြတာလေ BB ကိုယ်တိုင်ကလည်း ဒီနာမည်လေးကို ကြိုက်တယ် ..."

"BB ကိုယ့်ကို မနက်စာ ကျွေးပါလား ကိုယ်ထမင်း မစားရတာ နှစ်ရက်ရှိပြီ ..."

"ခ် ... ခ် ..."

သူ့ကို သဘောတကျ ရယ်နေတဲ့ သူမပုံစံလေးကို ရာဇ် ငေးငေးလေး ကြည့်နေမိသည်။

"ခင်ဗျားက သရဲလေ အဲဒါတောင် ဗိုက်ဆာသေးသလား ..."

"အွန်း ... ကိုနာမည်က သက္ကရာဇ်ပါ ခင်ဗျားလို့ မပြောဘဲ တစ်ခုခုခေါ်ပါ့လား ... နားထဲမှာ ကန့်လန့်ကြီး ဖြစ်နေတယ် ..."

သူပြောတော့ သူမလေးက နားထင်လေးကို လက်ညှိုးလေးနှင့် ထောက်ကာ စဉ်းစားဟန်နှင့် ...

"အသက်ဘယ်လောက်ရှိပြီလဲ ..."

"၃၁ နှစ် ..."

"မထင်ရဘူးနော် BB က ၂၀ ကျော်လောက်ပဲ ထင်နေတာ ... BB အသက်က ၂၀ ဆိုတော့ကာ ... ဦးရာဇ် ... ဟင့်အင်း ဦးလို့ပဲ ခေါ်မယ် ..."

"ဦး ... အဟွန်း ... ဟွန်း ..."

ရာဇ် သူမစကားကို သံယောင်လိုက်ရင်း သဘောတကျ ပြုံးလိုက်သည်။

"ဦးလို့ခေါ်တာ သဘောမကျလို့လား ..."

"မဟုတ်ပါဘူး ကိုယ့်အရမ်း သဘောကျတယ် ဒါနဲ့မင်းက ဘွဲ့ရပြီးပြီးလား ..."

"ဟုတ် BB ဘွဲ့ရပြီးပြီ ဘာလဲ အသက် ၂၀ ပဲရှိလို့ အံ့သြနေတာလား ... BB က ၄ နှစ်တည်းက သူငယ်တန်း စတက်တာ ... အဲဒါကြောင့်ပါ ..."

"ဘယ်သွားမလို့လဲ ..."

မတ်တတ် ထရပ်တဲ့ သူမကို ရာဇ် မေးလိုက်တော့ သူမပြုံးကာ ...

"အသားသွားဝယ်မလို့လေ ဦးအတွက် ... အိမ်မှာ BB က ကြုံရာစားတော့ ဘာမှဝယ်မထားဘူး ..."

"ကိုယ်ရော လိုက်ခဲ့လို့ရလား ..."

"သဘော ..."

BB ဈေးခြင်းတောင်းလေး ကိုင်ကာ ထွက်လာခဲ့သည်။

"အမယ်လေး လန့်လိုက်တာ ..."

"ကိုယ်ပါ ..."

သူ့ရှေ့ကနေ ပေါ်လာတဲ့ ရာဇ်ကြောင့် သူမရင်ဘတ်လေး သပ်လိုက်ပြီး ရာဇ်ကို မျက်စောင်း ချီလိုက်သည်။

"ဦး ဒါကြိုက်လား ..."

"အွန်း ဟိုဟာလေး ..."

"ဒါကြက်ဥလား ..."

"အွန်း ..."

သူ့ကို လူတချို့တချို့ ကွက်ကြည့် ကွက်ကြည့်နဲ့ ကြည့်သွားကြသည်။

သူမ ဟင်းရွက်တချို့ အသားတချို့နဲ့ လိုအပ်သည့် ပစ္စည်းတချို့ ဝယ်လိုက်ပြီး အိမ်ပြန်လာခဲ့သည်။

"ရော့ ... ဦး ..."

အသားစိမ်းတွေ သူ့ရှေ့ချပေးလာတော့ ရာဇ် နားမလည်ဟန် သူမကို ကြည့်လိုက်သည်။ သူမက စားဆိုသည့် သဘောနှင့် မေးငေါ့ ပြသည်။

"ကိုယ်က ဒီအိမ်းတွေ စားရမလား ..."

"ဟင် သရဲတွေက အမ်းစားတာ မဟုတ်လား ..."

"ကိုယ့်ကို ချက်ပြီးသား ကျွေးပါလား ... ကိုယ့်အိမ်း မစားရဲ့ဘူး ..."

"ခ် ... ခ် ... သိဘူးလေ ... ဒါဆို ချက်လိုက်ဦးမယ် ..."

"မင်းက အရမ်းဖြူစင်ပြီး အရမ်းသဘော ကောင်းတာပဲ ..."

ရာဇ် ထမင်းဟင်းချက်နေတဲ့ သူမနောက်ကျောလေးကို ကြည့်ရင်း နှုတ်မှ ရေရွတ်လိုက်သည်။

"ဟဲ့ ဒါက ဘယ်လဲ ..."

ဒေါ်စံပယ် ခေါ်လိုက်တာနှင့် မဒီ ခြေလှမ်းတွေ ရပ်တန့်သွားပြီး နောက်လှည့်ကြည့်ကာ ...

"Shopping ထွက်မလို့ မာမီ ..."

"ဘာ ညည်းကြပ်ကြပ် သတိထား ဟိုအကောင်က သေလားရှင်လား မသိသေးဘူး ညည်းအချိုးတွေ ပြင်ကြားလား ..."

"ကိုသက္ကရာဇ်က သေသွားပြီပဲ ပြီးတော့ မဒီက ကိုဥက္ကာနဲ့ ချစ်သူတွေပါလို့ မာမီကို ဘယ်လိုပြောရမလဲ ..."

"အေးပါ ခုတော့ ငါနင့်ကို သက္ကရာဇ် မရှိမှတော့ သူ့ညီနဲ့ပဲ သဘောတူ ရတော့မှာပေါ့ အရေးကြီးတာက ညည်းသာ အဲဒီကောင်လေးကို ပိုင်အောင် လုပ် ကြားလား ..."

"မဒီ သွားပြီ ..."

ဒေါ်စံပယ်က သူမရဲ့ မွေးစားဖေဖေရဲ့ နောက်မိန်းမ ဖြစ်သည်။ မွေးစားဖေဖေနဲ့ မေမေ သူမအသက် ၇ နှစ်အရွယ်တုန်းက"ရောင်နီ" ဂေဟာမှ ခေါ်ယူမွေးစားထားခြင်း ဖြစ်သည်။ သူမအသက် ၁၅ နှစ်မှာ မေမေသေပြီး မွေးစားဖေဖေက ဒေါ်စံပယ်ဆိုသည့် မိန်းမကြီးကို အိမ်ခေါ်လာခဲ့ခြင်း ဖြစ်သည်။ သူမရဲ့ မိသားစုလေး အရင်တုန်းက ပျော်ရွှင်ခဲ့ရပေမဲ့ အဲဒီ မိန်းမကြီး ရောက်လာပြီး နောက်ပိုင်း အရာရာ ပြောင်းလဲသွားသည်။

သူမကို သက္ကရာဇ် ဆိုသည့် ကိုဥက္ကာ၏ အစ်ကိုနဲ့ စေ့စပ် ပေးထားသည်။ သူမ မွေးစားဖေဖေရဲ့ ဆန္ဒကြောင့် လက်ခံခဲ့သည်။ သို့ပေမဲ့ သူမနှလုံးသားက ကိုဥက္ကာ တစ်ယောက်ပင် ချစ်နေခဲ့ခြင်း ဖြစ်သည်။

"မဒီ ..."

"ကို့ ကိုသက္ကရာဇ် မတော်တဆဖြစ်ခဲ့တာ ကိုလုပ်လိုက်တာလား ဟင် ..."

ခုတင်ပေါ်မှာ ရင်ဘတ်ဗလာနှင့် ဥက္ကာ ရင်ဘတ်ပေါ်ကို ခေါင်းလေးတင်ရင် လက်တို့က သူ့ရဲ့ ဝမ်းဗိုက်ကို ဆော့ကစားကာ မဒီ ခပ်ချွဲချွဲလေး မေးလိုက်သည်။

"ဟာ ကိုယ်မလုပ်ပါဘူး သူဟာသူ မတော်တဆ ဖြစ်သွားတာ ကိုယ်က သူ မြန်မာနိုင်ငံရောက်မှ သူ့ဘဝကို အဆုံးသတ်ပေးမလို့ ဒါပေမဲ့ ကိုယ်ဘာမှတောင် မလုပ်လိုက်ရသေးဘူး အဟင်း ဟင်း သူဟာသူ အဆုံးသတ်ပေးတာ ဘယ်လောက်တောင် ပျော်စရာ ကောင်းလိုက်သလဲ ... ဟားဟား ..."

"မဒီတို့ ဘယ်တော့ လက်ထပ်မလဲဟင် ..."

"နေပါဦးကွာ လူပြောခံ ထိနေဦးမယ် အစ်ကိုက သေတာ သေချာရဲ့လားမသိ အလောင်းတောင် ရှာမတွေ့သေးတာကို ... ပြီးတော့ ... အစ်ကိုသတို့သမီးလောင်းကို အစ်ကိုသေတာမှ မကြာသေးဘူး ညီက ဖျက်ခုတ်တယ်လို့ ပြောခံရဦးမယ် ... ပြီးမှ ကိုယ်တို့ စဉ်းစားရအောင်နော် အခုတော့ အဲဒီအကြောင်းတွေ မတွေးတော့ဘဲ ..."

ဥက္ကာပြောရင်း မဒီရဲ့ နှုတ်ခမ်းအုံကို စုပ်ယူနမ်းကာ လက်တို့က ပေါင်တံကို ပွတ်သတ်ရင်း သူရဲ့အချစ်တွေ ပြည့်နှက်နေတဲ့ ကမ္ဘာဆီသို့ ...

"အရမ်းစားကောင်းတယ် BB ..."

"ဟုတ်လား ... ဦးစားကောင်းရင် ပြီးရော ..."

BB စားနေတာလည်း မြင်သည်။ သို့ပေမဲ့ စားပြီးတယ် ပြောပေမဲ့ ပန်းကန်ထဲမှ ထမင်းများက ဒီအတိုင်းပဲ ဖြစ်နေသည်။

"BB ပန်းကန်တွေ သွားဆေးလိုက်ဦးမယ် ..."

ပြောပြီး ပန်းကန်တွေ အားလုံးကို ယူကာ သွားဆေး လိုက်သည်။ ပန်းကန်တွေ ဆေးပြီး ပြန်လာတော့ ထိုင်ခုံရှည်ပေါ်မှာ အိပ်နေသည့် ရာဇ်ကို ကြည့်ပြီး ပြုံးလိုက်သည်။

"ငါ ဘာလို့ သူ့ကို ကူညီနေရတာလဲ ... အဟင်း ရှင်က အရမ်းချောတာပဲ ..."

သူ အိပ်ခန်းထဲက စောင်ပါးလေး တစ်ထည်ယူကာ ရာဇ်ကို ခြုံပေးလိုက်သည်။

"ကိုယ်တွေလက်တွေ နာနေတော့မှာပဲ ... ဦး ... ဟာဟုတ်သားပဲ မေ့နေတာ သူက လူမှ မဟုတ်တာ ..."

သူမလည်း မနေ့က လှမ်းထားတဲ့ အင်္ကျီတွေ ရုပ်ကာ ကြမ်းပြင်ပေါ် ဖျာခင်းကာ မီးပူတိုက် နေလိုက်သည်။

"ဝါး အား နာလိုက်တာ လက်က ဖိအိပ်မိလို့ ထင်တယ် ..."

"ခ် ... ခ် ... အမယ်လေး ..."

BB သူမရှေ့မှာ ပေါ်လာတဲ့ ရာဇ်ကြောင့် လန့်သွားရင်း ...

"ဦး ပြန်လို့ရပြီနော် ညနက်တော့မယ် ..."

"ဘယ်ကိုလဲ ..."

"ဦးနေတဲ့ ဆီကိုပေါ့ ..."

"ကိုယ့်မှာ နေစရာမှ မရှိတာ ... ကိုယ့်ကို ဒီမှာ နေခွင့်ပေးပါနော် ..."

"မဖြစ်နိုင်တာ ..."

"ကိုယ်နှစ်ရက်လုံး လမ်းဘေးမှာ အိပ်ရတယ် ပြီးတော့ ခွေးတွေကြောင့် လည်း ကောင်းကောင်း အိပ်မရခဲ့ဘူး ... စိတ်ချ ကိုယ် မင်းကို ဘာမှမလုပ်ဘူး ဆိုတာ ကိုယ်ကတိပေးတယ် ..."

BB ရာဇ် စကားတွေကြောင့် ရာဇ်ကို သနားသော မျက်လုံးတွေနှင့် ကြည့်လိုက်ရင်း ...

"ကိုယ် အိမ်လခ ပေးပါ့မယ် ..."

"ခ် ... ခ် ဦးနဲ့နေမှ BB ရယ်နေရတာ ... သရဲက အိမ်လခပေးမယ် ဆို

တော့ ... ခိ ... ခ် ..."

"ကိုယ် တကယ်ပြောနေတာ ..."

"ဟုတ်ပါပြီ ဦးကို နေခွင့်ပြုမယ် ဒါပေမဲ့ ဦးပြောသလို BBကို "star"မှာ အလုပ်ရအောင် လုပ်ပေး ... ဘယ်လိုလဲ ..."

"စိတ်ချ အလုပ်ရစေရမယ် ..."

နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ စကားတွေ ပြောနေကြသည်။ သူတို့နှစ်ဦး တွေ့ဆုံခြင်းက ကံကြမ္မာက ဖန်တီးပေးလိုက်တဲ့ ဆက်နွယ်မှု တစ်ခု ဆိုလျှင် ...

***

အပိုင်း(၃)

"ဦးရေ ... ဦး ... အမယ်လေး လန့်လိုက်တာ ..."

BB ... ခေါ်လိုက်တာနှင့် သူမရှေ့သို့ ရုတ်တရက်ကြီး ရောက်လာတဲ့ ရာဇ် ကြောင့် ... ရင်ဘတ်လေး လက်နှစ်ဖက်နှင့် ဖိကာ အော်လိုက်မိသည်။

"sorry ကလေး ..."

ရာဇ်လည်း သူမလေး အလန့်တကြား ဖြစ်သွားတာကြောင့် တောင်းပန် ရင်း ... BB ဦးရဲ့ကလေးဆိုတဲ့ ခေါ်သံကြောင့် နှလုံးသားလေး နွေးထွေးသွား သလို ခံစားရသည်။

"ဦးက ဘယ်သွားနေတာလဲ ..."

မနက်စောစော သူမထတော့ ဧည့်ခန်းမှာ အိပ်နေတဲ့ ရာဇ်ကို မတွေ့တော့ စိတ်ပူသွားသည်ဆိုတာ BB ကိုယ်တိုင်ပဲ သိသည်။

"ကိုယ် စံအိမ်ကိုသွားတာ BB ဘာဖြစ်လို့လဲ ..."

"ဟီး ဘာမှမဖြစ်ဘူး BB ဒီတိုင်း ဝတ်ထားတာ အဆင်ပြေလားလို့ ..."

သူမပြောတော့ ရာဇ် သူမလေးကို ခြေမျက်စိအဆုံး ကြည့်လိုက်တော့ ... ဖြူဝင်းပြီး ပိန်သည့် အထဲမပါဘဲ ပြည့်ပြည့်တင်းတင်းနှင့် ခန္ဓာကိုယ် အချိုး အား လှပသည်။ သူမဝတ်ထားသည့် အနီရောင် ဒူးအထက် စကတ်တိုလေး နှင့် အင်္ကျီကြက်သွေးရောင် ကိုယ်ကြပ်လေးက သူမကို အမြင်မရိုင်းစေဘဲ တောက်ပကာ လှပနေသည်။

"စကဒ်က အရမ်းတိုလွန်းတယ် ပြီးတော့ အင်္ကျီကလည်း နည်းနည်း

ဟိုက်တယ် ... အလုပ်လျှောက်မှာ မဟုတ်လား ... ဘယ်မလဲ မင်းအဝတ်အားတွေ ကိုယ်ရွေးပေးမယ် ..."

ရာဇ် ပြောလည်းပြော သူမရှေ့မှ ဖြတ်လျှောက်ကာ ဗီရိုရှိသည့် နေရာသို့ သွားလိုက်တော့ ... BB နောက်ကနေ ရာဇ်ရဲ့ အင်္ကျီစကို လှမ်းဆွဲလိုက်ရင်း ...

"ရတယ် ဦးလဲဆို BB လဲမယ် ဦး ..."

"ရပါတယ် ကိုယ်ရှ ..."

ရာဇ် ဗီရိုကို ဖွင့်လိုက်တော့ အရင်ဆုံး မြင်လိုက်ရသည့် ပစ္စည်း ... BB ထိုပစ္စည်းကို အမြန်ယူလိုက်ရင်း လက်နောက်ပစ်ကာ ဖွတ်လိုက်သည်။ ရာဇ် သိချင်တာကြောင့် မေးလိုက်တော့ သူမလေး မျက်နှာရဲရဲလေးနှင့် မဖြေ ...

"ဘာလဲ BB မင်း ဘာကြီး ယူလိုက်တာလဲ ..."

"ဘာမှမဟုတ်ဘူး ဒီတိုင်း ..."

စကားကို ဆက်မပြောတော့ဘဲ ...

"ပြပါ ကိုယ့်ကို ... ဘာကြီးနောက်ကို ကွယ်လိုက်တာလဲ ကိုယ်အရမ်းသိချင်တယ် ..."

"ဟာ ... ဦး ဘာမှမဟုတ်ဘူးလို့ ..."

လက်ထဲက ပစ္စည်းကို နောက်ကွယ်ရင်း BB နောက်ကို ဆုတ်သွားတော့ ...

"အို ... အ ... ချောလဲသလို ဖြစ်တော့မည့် သူမကို ရာဇ် လှမ်းထိန်းရင်း သူပါ အရှိန်မထိန်းနိုင်စွာ နှစ်ယောက်သား လဲကျသွားသည်က ခုတင်ပေါ်မှာဖြစ်သည်။ ရာဇ် သူမလေးပေါ် အုပ်မိုးနေတဲ့ ခန္ဓာကိုယ်ကို မဖယ်ပေးဘဲ ... သူ့ရဲ့အောက်က မျက်နှာရဲရဲလေးကို စိုက်ကြည့်နေတော့ ...

"ဦး ..."

"အဲဒါ ဘာလဲ ..."

နူတ်ခမ်းလေး လှုပ်ရုံခေါ်တဲ့ သူမလေး ... ရာဇ် သူမလက်ထဲက ထိုပစ္စည်းကို အတင်းဆွဲယူကာ မြှောက်ပြရင်း ထပ်မေးသည်။

"menstruation လာရင် သုံးတဲ့ပစ္စည်း ..."

သိချင်နေတဲ့ သူ့ကို ဘုဆတ်ဆတ်လေး ဖြေတော့ ... ရာဇ် လက်ထဲက ထိုပစ္စည်းကို ခုတင်ပေါ် ပစ်တင်လိုက်ရင်း ... သူမပေါ်က အုပ်မိုးနေတဲ့ ခန္ဓာကိုယ်ကို ပြန်လည် မတ်လိုက်ရင်း ...

"အဟွတ် နောက်ကျနေမယ် ကိုယ်အပြင်က စောင့်နေမယ် ..."

"ခ် ... ခ် ..."

BB မျက်နှာရဲရဲနဲ့ ထွက်သွားတဲ့ ရာဇ်ရဲ့ နောက်ကျောကို ကြည့်ကာ ရယ်လိုက်သည်။

"သရဲရှက်တာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ် ..."

BB ... ပြုံးရင်း ခုတင်ပေါ်မှ ထလိုက်ရင်း ဗီရိုထဲက အရင်ရက်က အင်တာဗျူး ဖြေခဲ့သည့် ဝတ်စုံလေးကို ရွေးကာ လဲလိုက်ပြီး ထွက်လာခဲ့သည်။ ခုဆို အတူနေတဲ့ သုံးရက်က ခဏလေးဆိုပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ကြိုးလေး ချည်နှောင် နေပြီဆိုတာ သူတို့သိခဲ့ရင် ...

"ဦး သွားမယ်လေ ..."

ထိုင်ခုံပေါ်မှာ ထိုင်ပြီး သတင်းစာ ဖတ်နေတဲ့ ရာဇ်ကို ခေါ်လိုက်တော့ ရာဇ်လည်း သတင်းစာ စာရွက်ချကာ လိုက်လာခဲ့သည်။

"BB ဘယ်သွားမလို့လဲ ..."

"အလုပ်သွားလျှောက်မလို့ မသင်ဇာ ..."

BB ... တံခါးပိတ်နေတုန်း မသင်ဇာရဲ့ အမေးကြောင့် ပြန်လည်ဖြေရင်း ...

"BB ညီမလေး ဖုန်းဝယ်ပြီးပြီလား ..."

"မဝယ်ရသေးဘူး အစ်မ ... သွားလိုက်ဦးမယ် ... နောက်ကျနေပြီမို့ ..."

"ဩော် အေးအေး ..."

BB ... ပြောပြီး ထွက်လာခဲ့သည်။ သင်ဇာ BB ရဲ့ နောက်ကျောကို ကြည့်ရင်း ...

ဒီကောင်မလေးက ရယ်သံ ... ပြီးတော့ တစ်ယောက်တည်း စကားပြောနေတဲ့ အသံတွေ ကြားပါတယ် ... အစ်မလေး ကျောချမ်းလိုက်တာ ...

ကျောကို တစ်ချက်တုန့်ကာ သူမလည်း အလုပ်သွားရန် ပြင်လိုက်သည်။

***

"BB ဟိုရောက်ရင် ကိုယ်ပြောသလို လိုက်ပြောနော် ..."

"ဟုတ် ဦး ..."

လမ်းထိပ်ရောက်တော့ သူမTaxi ရပ်စောင့်နေရင်း သူမလေးကို ရာဇ်ပြောနေသည်။

"ဟေး အဘိဓာန် တစ်ယောက်တည်းလား ... ငါလိုက်ပို့မယ်လေ ..."

အလင်းရောင်က BB ကို မြင်တော့ ကားရပ်ကာ မေးလိုက်သည်။

"ရပါတယ် အလင်းရောင် ..."

"လာပါဟာ နင်ကလည်း သူစိမ်းတွေကျလို့ ..."

အလင်းရောင် ... ကားပေါ်က ဆင်းကာ BBကို အတင်းဆွဲခေါ်ရင်း ရှေ့ခန်းမှာ ထိုင်စေလိုက်သည်။ သူလည်း မောင်းသူနေရာမှာ ထိုင်လိုက်ပြီး သူမဘက် လှည့်ကာ ...

"ငါ ဘယ်ပို့ရမလဲ BB ..."

"Star" ကုမ္ပဏီကို ..."

"နည်းနည်း ဝေးတယ်နော် ..."

"ရပါတယ် နင်မအားဖူးဆိုလည်း ငါဘာသာ Taxi နဲ့ သွားလိုက်မယ် ..."

"ဟာ ငါက အဲဒီလိုသဘောမျိုး ပြောတာ မဟုတ်ပါဘူးဟ ..."

သူမလေး ဘာမှမပြောတော့ဘဲ ... ဦးကိုကြည့်တော့ ခုနသူနဲ့ရပ်နေတဲ့ နေရာမှာ မရှိတော့ ...

"အမယ်လေး ..."

"ဘာဖြစ်လို့လဲ BB ..."

"ဘာမှမဖြစ်ဘူး အလင်းရောင် ..."

"အေးပါ ဒါဆို ငါမောင်းပြီးနော် ..."

BB ... ကားနောက်ခန်းကို အကြည့် ရောက်သွားတော့ သူမကို မျက်လုံး စိမ်းကြီးနဲ့ စိုက်ကြည့်နေတဲ့ ဦးကြောင့် လန့်သွားရခြင်းဖြစ်၏။

"အလင်းရောင် ..."

"အေးပြောလေ BB ..."

ကားမောင်းနေတဲ့ အလင်းရောင် သူမ ခေါ်လိုက်ပြီး ...

"ဟို ဦးသက္ကရာဇ်ကို ကြားဖူးလား "star"ကလေ"

"အင်း "Star"ရဲ့ ceo ဦးသက္ကရာဇ် ... သူ့ရဲ့အလောင်းကို အခုထိ မတွေ့ သေးဘူး ..."

"ဟာ နင်ကလည်း နိမိတ်မရှိ ဘာမရှိနဲ့ ဘာလို့ အလောင်းလို့ ပြောတာလဲ ... ပြီးတော့ သူကိုမှ မတွေ့သေးတာ သေသွားတယ် ဆိုတာ ဘယ်သူက ပြောနိုင်မလဲ ဒါမှမဟုတ် တစ်နေရာရာမှာ သူခန္ဓာကိုယ် ကောင်းကောင်း ရှိ

နေမယ်လို့ ငါယုံတယ် ... နောက်တစ်ခါ သေသွားတယ်လို့ မပြောနဲ့ ... ဟင့် ..."

"ဟာ ..."

အလင်းရောင် သူမဆီက နောက်ဆုံးရှိုက်သံလေး ကြားတော့ ကားကို လမ်းဘေးမှာ ချရပ်လိုက်ကာ သူမဘက် လှည့်ကြည့်တော့ မျက်ရည်တွေ ကျနေသည်ကို သုတ်ပေးရင်း ...

"ဟာ အဘိဓာန် နင်က ဘာလို့ငိုနေတာလဲ ..."

"မသိဘူး အဟင့် နောက်ခါ အဲဒီလိုမပြောနဲ့ သူတစ်နေရာရာမှာ အကောင်းတိုင်း ရှိတယ်လို့ ယုံတယ် ..."

"နင်နဲ့ ဘာဆိုင်လို့လဲ ..."

"သူမဆီက တုံ့ပြန်သံ မကြားရတော့ အလင်းရောင် သူမကိုကြည့်ကာ ...

"အခု လေယာဉ် ပျက်ကျတဲ့အထဲမှာ ပျက်ကျသွားတဲ့အတိုင်း လိုက်ရှာတာ လူ ၁၆ ဦးတွေ့ပြီ တစ်ယောက်မှ အသက်မရှင်ဘူး နင်သိတဲ့ အတိုင်းပဲ ဒီလောက်အမြင့်ကြီးကနေ ပြုတ်ကျတာ ဘယ်လို အသက်ရှင်မလဲ ..."

"မရဘူး သူအသက်ရှင်တယ် ဆိုတာ သိတယ် ... အဲဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ကို တွေ့အောင် လိုက်ရှာပေးပါနော် ..."

"အေးပါ နင်အလုပ်လျှောက်မှာ မဟုတ်လား နောက်ကျနေလိမ့်မယ် ..."

အလင်းရောင် ကားကို မောင်းထွက် လာခဲ့သည်။ ကားလေး"star"ကုမ္ပဏီ ရှေ့ရပ်လိုက်ကာ ...

"ကဲ ရောက်ပြီ နင် အလုပ်ရပါစေ BB ..."

"ကျေးဇူး အလင်းရောင် ..."

သူမကားတံခါးဖွင့်ကာ ဆင်းရင်း နောက်ခန်းကို ကြည့်ကာ ရာဇ ရှိမနေ

တော့ ...

"သွားပြီ BB good luck ..."

"အင်း ..."

"ဦး ..."

"ဘာလဲ ..."

သူမရှေ့ ပေါ်လာပြီး ဘုဆတ်ဆတ် အဖြေကြောင့် BB နှုတ်ခမ်း စူလိုက်ကာ ...

"ဟင့် ဦး ဘာဖြစ်နေတာလဲ BB ဘာလုပ်လို့လဲ ..."

"မင်း ဒီတိုင်းနေ ... မဟုတ်ရင် မင်းကို လူတွေတစ်မျိုး မြင်ကုန်လိမ့်မယ် ..."

"ဒါဆို ဦး ပြုံးပြ ..."

ရာဇ် ပြုံးပြလိုက်ပြီး ...

"ကဲ့ ရပြီလား ..."

"ဦးက အရမ်းချစ်ဖို့ ကောင်းတာပဲ ..."

ပြောရင်း ရှေ့ကနေ သွားတဲ့ သူမကတော့ ဘာမှ ခံစားရမည်မထင် ... နောက်မှကျန်ခဲ့တဲ့ ရာဇ်ကတော့ နှလုံးသား ခုန်နေတာ ရထားအဆင်း တစ်ရာ ဖြတ်ဆင်းသွားသလို ...

ကုမ္ပဏီကို ဝင်လိုက်သည်နှင့် အလုပ်လာလျှောက်တဲ့ သူများစွာ ရှိနေသည်။ သူမလည်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"BB ကိုယ်သွားစရာရှိလို့ ခဏနေ ပြန်လာခဲ့မယ် ..."

"ဟုတ် ..."

ပြောနေရင်း ရာဇ်၏ပုံရိပ်က BB ၏အနားမှာ ပျောက်ကွယ် သွားသည်။

***

"ကို ..."

"ပြောလေ မဒီ ..."

"ကိုက နားနေပြီးရော အလုပ်ကိစ္စတွေမှာ လုပ်စရာ မလိုပါဘူး ... ပြီးတော့ အခုထိ ကိုသက္ကရာဇ် ကိစ္စက မပြီးသေးဘူးလေ ..."

ဥက္ကာ သူ့ရဲ့ ကော်လံကို ပြင်ပေးရင်း ပြောနေတဲ့ မဒီ ကိုယ်လုံးလေးကို အလုပ်စားပွဲပေါ် မတင်လိုက်ရင်း ...

"မဒီ ဘာသိလို့လဲ ဒီကုမ္ပဏီက ကိုယ့်ကို လွှဲပေးသေးတာ မဟုတ်ဘူး ကိုယ်ကြိုးစားမှ သူတို့ကိုယ့်ကို ယုံကြည်ပြီး အမြန် လွှဲပေးမှာပေါ့ ..."

"ဟုတ်တယ်နော် မဒီ သွားတော့မယ် နေ့လယ်စာ စားချိန်မှ ကို့ဆီ လာတော့မယ် ..."

"နေဦးလေကွာ ..."

ဥက္ကာ ပြောရင်း မဒီ နှုတ်ခမ်းဖူးလေးကို စုပ်ယူ နမ်းလိုက်တော့ မဒီလည်း တုံ့ပြန်ရင်း ...

"တောက် ..."

ရာဇ် သူ့အခန်းကို လာတော့ သူနဲ့ လက်ထပ်မဲ့ မိန်းကလေးက သူညီနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေသည်ကို သူမြင်ရခဲ့ရတော့ ဒေါသထွက်ကာ ပြန်ထွက်လာသည်။

"ကို မဒီ သွားတော့မယ် ..."

"အင်း ချစ်တယ် ..."

မဒီ ထိုအခန်းထဲမှ လမ်းအတိုင်း စမတ်ကျကျနဲ့ ထွက်လာခဲ့တော့ ဝန်ထမ်းအားလုံး သူမကို အရိုအသေ ပေးကြရသည်။

"ဟင် မမ ..."

BB စမတ်ကျကျ လျှောက်လှမ်းသွားတဲ့ ထိုအမျိုးသမီးကို လှမ်းမြင်လိုက်ပြီး နှုတ်မှ ရေရွတ်လိုက်ရင်း ...

"မမ မမပျို ..."

သူမ အပြေးတစ်ပိုင်း လိုက်ပေမဲ့ မဒီ ဓာတ်လှေကားထဲသို့ ဝင်သွားသည်။ သူမ ဓာတ်လှေကား ခလုတ်ကို နှိပ်လိုက် ပုတ်လိုက်နှင့် ဓာတ်လှေကား အပွင့်ကို စောင့်နေသည်။ ပွင့်လာတော့ သူမဝင်လိုက်ပြီး အောက်ဆုံး အထပ်ကို နှိပ်လိုက်သည်။

သူမ ဓာတ်လှေကား ပွင့်သွားသည်နှင့် အမြန်အပြင်ကို ထွက်လာတော့ မမပျို စီးသည့်ကားလေး အဝေးသို့ ရောက်သွားသည်။

"BB ဘာဖြစ်လို့လဲ ..."

"ဟင့် ... ဦး မမကို တွေ့ခဲ့တယ် ..."

"ဘယ်သူလဲ ..."

"ဂေဟာမှာ အတူနေခဲ့တဲ့ မမ ... ဘာမှ မဟုတ်တော့ဘူး လူခေါ်နေပြီ မဟုတ်လား BB တို့ နောက်ကျလိမ့်မယ် ..."

***

"လက်ရုံးရည် ..."

လက်ရုံးရည် ... သက္ကရာဇ်ရဲ့ ယုံကြည် အားကိုးရတဲ့ အတွင်းရေမှူး တစ်ယောက် ...

ဥက္ကာ သူခေါ်တာကို မကြားဘဲ မျက်ရည်တွေ ဝိုင်းနေတဲ့ လက်ရုံးရည်ကို

ထပ်ခေါ်လိုက်သည်။

"လက်ရုံးရည် ..."

ခပ်စူးစူး အသံကြောင့် လက်ရုံး boss ကို သတိရနေတဲ့ အတွေးတွေ ရပ်တန့်သွားသည်။

"ဗျာ ... ဗျာ ..."

"မင်းက အစ်ကိုကို သတိရနေတာနဲ့ တူတယ် ..."

"ဗျာ ဟုတ်ကဲ့ ..."

"အဟွန်း ... ဟွန်း ဟုတ်ပါပြီ ... ငါအစည်းအဝေး သွားရမှာ ကျန်တဲ့သူတွေ မင်းပဲ ရွေးလိုက်တော့ ..."

"ဟုတ်ကဲ့ ... နောက်နှစ်ယောက်ပဲ ကျန်တော့တာလေ သူဌေး ..."

"အင်း ငါခု အရေးကြီးနေလို့ သွားပြီ ..."

"ဟုတ်ကဲ့ သူဌေး ..."

သူဌေး ထွက်သွားတော့ လက်ရုံး နောက်တစ်ယောက် ခေါ်ရန် ပြောလိုက်သည်။

"မင်္ဂလာပါရှင့် ..."

"ထိုင်ပါ မိန်းကလေး ..."

"ဟုတ်ကဲ့ ..."

လက်ရုံး ထိုတစ်ယောက်ကို လိုအပ်တဲ့ အချက်အလက်တွေ ကြည့်ရင်း မေးနေသည်။

***

"ဦး BB အလှည့် ရောက်တော့မယ် ... သန့်စင်ခန်း ခဏ သွားလိုက်ဦးမယ်

ဘယ်နာလေးမလဲ ဟင် ..."

"ဟိုအခန်းရဲ့ ညာဘက် ပြီးရင် ဘယ်ကွေ့ လိုက်တာနဲ့ ပထမဆုံးအခန်း ..."

"ဟုတ် ..."

ရာဇ် လက်ညှိုးကာ ပြလိုက်တော့ ဗိုင်နဲ့ အိတ်လေးကို ထားကာ ထွက်သွားသည့် ကျောပြင်လေးကို ကြည့်ကာ ပြုံးမိသည်။

"အရမ်း ချစ်ဖို့ကောင်းတာပဲ ..."

***

"ဦး BB အလှည့်ရောက်ပြီလား ဟင် ..."

"မခေါ်သေးဘူး ..."

"ဟုတ် ..."

BB ... အိတ်နဲ့ ဗိုင်တွဲလေးကို ပေါင်ပေါ် တင်လိုက်ပြီး ရာဇ် အနားမှာ ဝင်ထိုင်လိုက်သည်။

"မအဘိဓာန် ဝင်လို့ ရပါပြီရှင် ..."

"ဦး လာ လိုက်ခဲ့ ..."

အပြင်က နာမည်ခေါ်ပေးသည့် ဝန်ထမ်း ကောင်မလေး BB ကို ခေါင်းကုတ်ကာ ကြည့်နေတော့ BBက ထိုအစ်မကို သွားဖြူဖြူလေးတွေ ပေါ်အောင် ပြုံးပြပြီး အခန်းထဲ ဝင်လိုက်သည်။

"မင်္ဂလာပါရှင့် ..."

"ထိုင်ပါ ..."

BB ဘေးက ရာဇ်ကို တစ်ချက်ကြည့်ကာ လက်ရုံးညွှန်ပြသည့် ထိုင်ခုံပေါ်

မှာ ထိုင်လိုက်သည်။ သူမလက်ထဲက ဖိုင်တွဲကို လက်ရုံးရှေ့မှာ ချပေးလိုက်သည်။

လက်ရုံး သူမကိုယ်ရေး အချက်အလက်ကို ယူကြည့်လိုက်ရင်း ...

"ဟို စိတ်မရှိပါနဲ့ဗျ အခုလိုအပ်နေတဲ့ နေရာက လုပ်ငန်း အတွေ့အကြုံရှိတဲ့ သူပဲ လိုတာမို့ ညီမ ..."

BB ... လက်ရုံး အပြောကြောင့် အားကိုးတကြီး ရာဇ်ကို ကြည့်တော့ ရာဇ်က ပြုံးစီစီနှင့် သူမကို ပြန်ကြည့်နေ၏။

"ဦး ..."

ခပ်တိုးတိုး ခေါ်ရင်းပေမဲ့ အနားက လက်ရုံး သူမကို နားမလည်ဟန်နှင့် သူမကို ကြည့်နေသည်။

"ဦးသက္ကရာဇ် ..."

"ဘာပြောလိုက်တာလဲ ..."

"သူ ညီမအနားမှာ ရှိတယ် ... သူက ပြောတယ် ညီမကို အလုပ် လက်ခံလိုက်ပါတဲ့ ..."

"အဟွန်း ဟွန်း နောက်နေတယ် ဘာလဲ မင်းက သရဲ တစ္ဆေတွေ မြင်ရတဲ့ သူလား ..."

သူမအပြောကို ဟာသပြတ်လုံး ထုတ်ရင်း ပြောနေသည့် လက်ရုံးရည် ...

"BB တကယ်ပြောတာ ဘာသရဲတစ္ဆေမှ မမြင်ရဘူး ... ရှင်မယုံရင် ကျွန်မ ဘယ်လို သက်သေပြရမလဲ ..."

"ပြလေ ဘယ်လိုပြမှာလဲ ..."

သူ့အပြောကြောင့် ဦးက ပြုံးစေ့စေ့နှင့် သူမကို ...

"ရှင့်တင်ပါးမှာ အမှတ်ကြီး ရှိတယ် ..."

"ဘာ ဘာ မင်း ... ဘယ်လို သိတာလဲ ..."

"ရှင် BB ပြောတာကို ယုံပြီ မဟုတ်လား ..."

"ဒါက ရမ်းပြောလို့ မှန်သွားတာလဲ ဖြစ်နိုင်တာပဲလေ ..."

"ဒါဆို ရှင့် Ph password က ၃၆၇၈ ဟုတ်တယ် မဟုတ်လား ... နောက်ပြီး ရှင့်အိမ်က အခန်းရဲ့ ကုတ်နံပါတ်က ၁၃၃၄ ဟုတ်တယ် မဟုတ်လား နောက်ပြီး ..."

လက်ရုံးက တစ်ယောက်တည်းနေတဲ့သူမို့ သူ့အခန်း ကုတ်နံပါတ်က သူ တစ်ယောက်တည်း သိသည်။ boss က တစ်ခါတလေ လာတက်တာမို့ သူ့ရဲ့ အခန်း ကုတ်နံပါတ်ကို ပြောထားသည်။ boss နှင့် သူကလွဲရင် အခန်းကုတ်နံပါတ်ကို မည်သူမှ မသိပါ။

"မင်း တကယ် ပြောတာလား တကယ် မင်းအနားမှာ boss ရှိလား ..."

"တကယ်ပါ ဦး BB အနားမှာ ရှိတယ် ..."

"Boss ..."

လက်ရုံး ရာဇ် နာမည်ခေါ်ရင်း မျက်ရည်များ ကျလာသည်။

"ဦးက ပြောတယ် ရှင်မငိုနဲ့တဲ့ သူနဲ့ ညနေကျရင် စကားပြောရအောင်တဲ့ ..."

"ဟုတ် ..."

လက်ရုံး မျက်ရည်တွေသုတ်ရင်း boss ရှိမည် ထင်သည့်နေရာကို ကြည့်ကာ ပြုံးရင်း ပြောလိုက်သည်။

"ဟို ကျွန်မ အလုပ်ရပြီပေါ့နော် ဒါဆို ..."

"ဟုတ်ကဲ့ ကျေးဇူးပါ boss ကို ကူညီတဲ့အတွက် ..."

"ရပါတယ် ဒါဟာ BB နဲ့ ဦးနဲ့က ရေစက်ရှိလို့ မြင်ရတာပါ ... ညနေ ကျရင် BB နဲ့ဦး (...) စောင့်နေမယ် ..."

"ဟုတ်ကဲ့ ကျွန်တော် ဆက်ဆက် လာခဲ့ပါ့မယ် ..."

BBနဲ့ ဦး"star"ကုမ္ပဏီမှ ထွက်လာပြီး အိမ်သို့ပြန်လာခဲ့သည်။

***

"သား ငါ့သားလေးကို လိုက်ရှာကြပါ ..."

"မိန်းမ စိတ်ကို အေးအေးထားပါ သားကို ငါတို့အစွမ်းကုန် လိုက်ရှာပြီးပြီပဲ ..."

"ဟင့်အင်း ငါ့သားလေး ငါ့သားလေး မသေဘူးဆိုတာ ငါသိတယ် ..."

ဒေါ်ခင်နှင်းဆီ ... အလွန်တည်ကြည် ခန့်ညားလှပတဲ့ အမျိုးသမီးကြီးတစ်ဦး ... အခုတော့ သားစိတ်နဲ့ အရူးတစ်ယောက်လိုပင် ဖြစ်နေ၏။

"မိန်းမ ... အခုချက်ချင်း မင်းနေကို ငါ့အခန်းထဲ ခေါ်လာခဲ့ ..."

"ဟုတ်ကဲ့ ..."

ပျော့ခွေသွားတဲ့ မိန်းမဖြစ်သူကို ပွေ့ကာ အနားက အစေခံ တစ်ယောက်ကို ဦးသက်နိုင် မှာကာ အမြန်အခန်းထဲ ဝင်လိုက်ပြီး ခုတင်ပေါ် ချပေးလိုက်သည်။

ခဏကြာတော့ ဒေါက်တာမင်းနေ ရောက်လာပြီး ဒေါ်ခင်နှင်းဆီကို စမ်းသပ်နေသည်။

"ဦးလေ အန်တီကို အိပ်ဆေး ပေးထားတယ် ... ခဏ ခဏ ဒီလိုဖြစ်နေရင် ကြာရင် နှလုံးရောဂါ ရနိုင်တယ် ..."

မင်းနေ အပြောကြောင့် ဦးသက်နိုင် မိန်းမဖြစ်သူလက်ကို ဆုပ်ကိုင်ကာ မျက်ရည်တွေဝိုင်းရင်း ...

"ငါလည်း ဘာလုပ်လို့ လုပ်ရမလဲ မသိတော့ဘူးကွာ သူက သားကို အရမ်းချစ်တာ ..."

"ကျွန်တော် အကြံပေးချင်ပါတယ် ဦးလေး ဒေါ်လေးကို ခေါ်ပြီး တစ်နေရာရာမှာ ပျော်စရာတွေ ဖန်တီး ပေးလိုက်ပါလား အစ်ကိုရာဇ်ကိုလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာပေါ့ ..."

"အင်း အဲဒီလိုပဲ လုပ်ကြည့်ရတော့မှာပဲ ..."

"ကျွန်တော် ပြန်လိုက်ဦးမယ် ဦးလေး ... ဆေးက အဒေါ်နိုးလာရင် ဒါလေးပဲ တိုက်လိုက်ပါ ရောဂါက ထွေထွေထူးထူး မရှိပါဘူး ..."

"ဒေါက်တာကို လိုက်ပို့လိုက် ..."

"ဟုတ်ကဲ့ ... ကြွပါ ဒေါက်တာ ..."

ဦးသက်နိုင် ပြောလိုက်တာနှင့် အနားမှရှိတဲ့ အစေခံလေး မင်းနေဆီက အိတ်ကို အမြန်ယူကာ ရှေ့ကနေ ခပ်ရှိရှိလေး လျှောက်ကာ လိုက်ပို့သည်။

***

"ဘယ်လိုလဲ ဟိုကောင်လေး သတိရပြီလား" (ဘာသာစကားတစ်မျိုး) အသက် ၅၀ ဝန်းကျင်လောက်ရှိသည့် နှုတ်ခမ်းမွေး ကားကားနှင့် လူကြီးတစ်ဦး အသက် ၂၅ ဝန်းကျင် သူ့၏သားဖြစ်သူကို မေးနေခြင်း ဖြစ်သည်။

"သတိမရသေးဘူး အဘ ဒီအစ်ကိုကို ကြည့်ရတာ မျောနေတာနဲ့ တူတယ် ..."

"အင်း လပြည့်ညက ဘယ်နှရက်လိုသေးလဲ ..."

"မနေ့က လပြည့်နေ့ဆိုတော့ နောက်ထပ်လပြည့်ဖို့ တစ်လလောက်ကြာ

မယ် အဘ ..."

"အင်း အဲဒီတစ်လ မကြာခင် သူ့ကို ကောင်းကောင်းပြုစုပါ နတ်ဘုရားတွေ ပင့်ဖိတ်ပြီး သူရဲ့ဝိညာဉ်ကို ပြန်ခေါ်ရမယ် ..."

"ဟုတ်ကဲ့ ..."

ကျွန်းစုတစ်ခုမှ လူမျိုးစုတစ်စု နေထိုင်ရာ ဒေသသို့ အမှတ်မထင် ရောက်ရှိလာသည့် လူတစ်ဦး ...

***